**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**(တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ သတ်မှတ်ကြေညာခြင်း)**

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/ ၉၉**

**ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်**

**(၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော အောက်ပါရောဂါများကို ကူးစက်ရောဂါများအဖြစ် သတ်မှတ်ကြေညာလိုက်သည်-

**၁။ (က) စာရင်းဝင် ကူးစက်ရောဂါများ**

| စဉ် | ရောဂါအမည် | ဖြစ်ပွားသောတိရစ္ဆာန် |
|---|---|---|
| ၁။ | ခွာနာလျှာနာရောဂါ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ဆင်၊ |
| ၂။ | ဒေါင့်သန်းရောဂါ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ဆင်၊ |
| | | မြင်း၊ မြည်း၊ လား၊ ခွေး၊ |
| ၃။ | လည်ချောင်းကွဲရောဂါ | ကျွဲ၊ နွား၊ ဝက်၊ ဆင်၊ |
| ၄။ | ပေါင်ပုပ်လက်ပုပ်ရောဂါ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ |
| ၅။ | ဝက်ဝမ်းကျရောဂါ | ဝက်၊ |
| ၆။ | ကြက်လည်လိမ်ရောဂါ | ကြက်၊ ကြက်ဆင်၊ ငုံး၊ |
| ၇။ | ကြက်ဆီအိတ်ရောင်ရောဂါ | ကြက်၊ |
| ၈။ | ခွေးရူးရောဂါ | ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ သိုး၊ |

Myanmar Law Information System (MLIS)

(တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ သတ်မှတ်ကြေညာခြင်း)

ဆိတ်၊ မြင်း၊ မြည်း၊ လား၊ ဆင်၊

၂။ (ခ) စာရင်းဝင် ကူးစက်ရောဂါများ

| စဉ် | ရောဂါအမည် | ဖြစ်ပွားသောတိရစ္ဆာန် |
|---|---|---|
| ၁။ | ဘရူဆဲလားသားလျှောရောဂါ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ မြင်း၊ မြည်း၊ လား၊ |
| ၂။ | အဆုတ်ရောဂါ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ဆင်၊ မြင်း၊ |
| ၃။ | သွတ်ရောဂါ | မြင်း၊ မြည်း၊ လား၊ ကျွဲ၊ နွား၊ ဆင်၊ |
| ၄။ | ဇောင်းဂေါ်ရောဂါ | မြင်း၊ မြည်း၊ လား၊ |
| ၅။ | ကြက်၊ ဘဲ ဝမ်းကျရောဂါ | ကြက်၊ ဘဲ၊ ကြက်ဆင်၊ ငုံး၊ |
| ၆။ | ကြက်လေပြွန်ရောင်ရောဂါ | ကြက်၊ |
| ၇။ | ကြက်ချေးဖြူရောဂါ | ကြက်၊ ကြက်ဆင်၊ ငုံး၊ |
| ၈။ | မာရတ်ရောဂါ | ကြက်၊ |
| ၉။ | ဘဲပလိပ်ရောဂါ | ဘဲ၊ |

၃။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည်-

(က) မိမိ၏တိရစ္ဆာန်တွင် (က) စာရင်းဝင်ကူးစက်ရောဂါ တစ်ရပ်ရပ်ဖြစ်ပွားနေကြောင်း သိရှိရလျှင် သော်လည်းကောင်း၊ သေဆုံးသောတိရစ္ဆာန်တွင် ယင်းကူးစက်ရောဂါတစ်ရပ်ရပ် လက္ခဏာတွေ့ရှိရလျှင် သော်လည်းကောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ကျေးရွာအုပ်စု တာဝန်ခံဝန်ထမ်းတစ်ဦးဦးထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ် ထံသို့ဖြစ်စေ အမြန်သတင်းပေးတိုင်ကြားရမည်။ ယင်းဝန်ထမ်း သို့ မဟုတ် ပုဂ္ဂိုလ်၏ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

(ခ) မိမိ၏တိရစ္ဆာန်တွင် (ခ) စာရင်းဝင်ကူးစက်ရောဂါတစ်ရပ်ရပ် ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိဝန်ထမ်း၏ စစ်ဆေးခြင်းကို ခံယူရမည်။ ယင်းဝန်ထမ်း၏ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ ကိုလိုက်နာဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

၄။ တိရစ္ဆာန်ပိုင်ရှင်သို့မဟုတ် လက်ဝယ်ရှိသူ မည်သူမဆို အပိုဒ် ၃ ပါဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပုဒ်မ ၂၄ အရ အရေးယူခြင်း ခံရမည်။

ပုံ/-
ဗိုလ်မှူးချုပ်မောင်မောင်သိမ်း
ဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)